**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**လျှောက်လွှာခေါ်ယူခြင်း**

**ကြော်ငြာစာအမှတ်၊ ၁၄ / ၂၀၁၅**

**၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက် )**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးလက်အောက်ခံ တိုင်းဒေသကြီး/ ပြည်နယ်၊ခရိုင်နှင့်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည် -

| **ရာထူး** | **လစ်လပ်** | **ပညာအရည်အချင်း** |
| --- | --- | --- |
| ဦးစီးအရာရှိ | ၂၂၆ နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ |

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) ၁၈ - ၉ -၂၀၁၅ ရက်နေ့တွင် အသက် ၃၅ နှစ်(ဝန်ထမ်းဖြစ်ပါက အသက် ၄၀နှစ်)ထက်မကျော်လွန်သူဖြစ်ရမည်၊

(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊

(ဃ) ဒေသခံများကိုပထမဦးစားပေးအဖြစ်လည်းကောင်း၊နေရာဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူများကိုဒုတိယဦးစားပေးအဖြစ်လည်းကောင်း၊ရွေးချယ်ခန့်ထားပါမည်။

၃။ လျှောက်လွှာကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ရုံးအမှတ်(၁၇)၊နေပြည်တော် ( သို့မဟုတ် )သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ဝယ်ယူလျှောက်ထားနိုင်ပြီး ၁၈ - ၉ -၂၀၁၅ရက်နေ့အရောက်လူကိုယ်တိုင်(သို့မဟုတ်)စာတိုက်မှတစ်ဆင့် နေပြည်တော်(သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးတို့ထံပေးပို့လျှောက်ထားရမည်။ **လျှောက်ထားရာတွင် မိမိတို့အမှန်တကယ် ရေးဖြေစာမေးပွဲဖြေဆိုမည့် နေပြည်တော် (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်စာစစ်ဌာနကို တိတိကျကျဖော်ပြလျှောက်ထားရမည်ဖြစ်ပြီး အဆိုပါစာစစ်ဌာန၌သာ ရေးဖြေစာမေးပွဲကို ဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်။လျှောက်လွှာပိတ်ရက်ထက်ကျော်လွန်ပေးပို့လာသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။**

၄။ လျှောက်လွှာတွင်ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့်စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ၅၀ဝိ/- ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ၊နှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤအဖွဲ့၏ ၃ - ၃ - ၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၂၂၁ /ရွေးချယ်ရေး (အမိက) ၂၀၁၄ ဖြင့် ထုတ်ပြန်ထားသော **ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသောရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများလိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၂/သို့

၅။ **ဝန်ထမ်းများသည်** မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနအကြီးအကဲမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ်(၁၇) နေပြည်တော်သို့ ပေးပို့ရမည်။ ကြိုတင်လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံအပိုတစ်ပုံနှင့်အတူ ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ဖြစ်စေ၊ မိမိစာမေးပွဲဖြေဆိုမည့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးသို့ဖြစ်စေ ၁၈ - ၉ -၂၀၁၅ရက်နေ့ အရောက်ပေးပို့ရမည်။

၆။ ရေးဖြေစာမေးပွဲကို **နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်စာစစ်ဌာနများတွင်**ကျင်းပမည်။၂ - ၁ -၂၀၁၆ ရက်(စနေနေ့)တွင် မြန်မာစာနှင့်အထွေထွေဗဟုသုတဘာသာများကိုလည်းကောင်း၊ ၃ - ၁ - ၂၀၁၆ရက်( တနင်္ဂနွေနေ့)တွင် အင်္ဂလိပ်စာဘာသာကိုလည်းကောင်းဖြေဆိုရမည်။

၇။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၃၁ - ၁၂ -၂၀၁၅ ရက်နေ့မှစ၍ နေပြည်တော်နှင့်သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးများတွင်ထုတ်ပေးမည်။

၈။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ်(၁၇) နေပြည်တော် (တယ်လီဖုန်းအမှတ်၊ ၀၆၇-၄၀၉၀၅၂ နှင့် ၀၆၇ - ၄၀၉၄၃၀) (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၉။ ဤကြော်ငြာနှင့် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန်လမ်းညွှန်ချက်စာစောင်ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website များဖြစ်သော ucsb.imis.com.mm နှင့် www.ucsb.gov.mm တွင်လည်း ဖော်ပြထားပါသည်။